Eposoft ကိုသောက်ခြင်းဖြင့် သွေးဆုံးကိုင်လက္ခဏာများကိုလည်းသက်သာစေတဲ့အတွက် သွေးဆုံးခါနီး အမျိုးသမီးများသောက်သုံးနိုင်ပါတယ်။ သွေးဆုံးကိုင်ဝေဒနာခံစားနေရသူများ အတွက် အထူးထုတ်လုပ် ထားသော Australia နိုင်ငံထုတ် Zifam Company ရဲ့ဆေးအသစ်တစ်မျိုးဖြစ်တဲ့ Menofam ကိုလည်း ဆရာဝန်ညွှန်ကြား ချက်ဖြင့် သောက်လို့ရပါတယ်။


အမျိုးသမီးတိုင်းအတွက်
EPOSOFT
Evening Primrose Oil 1000 mg
သင့်တစ်လတာ ကို လန်းဆန်းစွာ ဖြတ်ကျော်ပါ...


Made in Australia
Zifam

# Eposoft FAQ

## Eposoft ကသားအိမ်အတွက်အထောက်အကူပြုလား။

Eposoft မှာပါဝင်တဲ့ Omega 6 Fatty Acid ဟာ သားအိမ်ဆဲလ်များကို ကျန်းမာစေခြင်း အားဖြင့် သားအိမ် အပေါ်မှာကောင်းကျိုးရစေနိုင်ပါတယ်။

## Eposoft ကလေးယူမယ့်သူတွေအတွက် ကလေးရစေတဲ့ဆေးလား။

တိကျသေချာတဲ့ သုတေသနစာတမ်းများမရှိသေးပေမယ့် Eposoft မှာပါဝင်တဲ့ Evening Primrose Oil ဟာ ကလေးရစေနိုင်တဲ့ အာနိသင်ရှိနိုင်ပါတယ်။ Omega 6 Fatty Acid နှင့် GLA ကြွယ်ဝစွာပါဝင်သောကြောင့် သားအိမ်အပေါ်မှာ ကောင်းမွန်တဲ့အာနိသင်ရှိနိုင်တဲ့အတွက် ကလေးရဖို့အတွက်အထောက်အကူပြုနိုင်ကြောင်း ယူဆထားကြပါတယ်။ ဒါပေမယ့် ကလေးရဖို့ခက်ခဲနေသူများအနေနဲ့ သားဖွားမီးယပ်အထူးကု OG ဖြင့် ဆွေးနွေးတိုင်ပင်ခြင်းသာ အကောင်းဆုံးဖြစ်ပါတယ်။

## Eposoft ကအကိုက်အခဲပျောက်ဆေးမဟုတ်ဘဲ နာကျင်မှုဝေဒနာတွေကို ဘာလို့သက်သာစေတာလဲ။

Eposoft ဟာ NSAID လို့ခေါ်တဲ့ အကိုက်အခဲပျောက်ဆေးအမျိုးအစားမဟုတ်ပါဘူး။ ဒါပေမယ့် Eposoft မှာပါတဲ့ Omega 6 Fatty Acid ဟာ နာကျင်ရောင်ရမ်းမှုကိုသက်သာစေတဲ့ Prostaglandins အဖြစ်ပြောင်းလဲပေးပါတယ်။ ဒါ့ကြောင့် အကိုက်အခဲပျောက်ဆေးမဟုတ်ပဲနဲ့ ရာသီကြောင့်ဖြစ်တဲ့နာကျင်ကိုက်ခဲမှုတွေကိုသက်သာစေနိုင်တာ ဖြစ်ပါတယ်။

## Eposoft ဆေးအလုံးလိုက်မမျိုချဘဲ ဝါးစားလို့ရလား။

လုံးဝမရပါ။ ဆေးအလုံးလိုက်အတိုင်းသောက်ဖို့ဖော်စပ်ထားတဲ့အတွက် ဝါးစားလိုက်တဲ့အခါအာနိသင် အပြည့်အဝ ရဖို့အတွက်ခက်ခဲနိုင်ပါတယ်။

## Eposoft ကိုမသောက်ဘဲနဲ့ဆံပင်တွေလိမ်းလို့ရလား။

သောက်ဆေးဖြစ်တဲ့အတွက် ဆံပင်ကိုလိမ်းရင်အာနိသင်ရှိမရှိအတိအကျမသိနိုင်ပါ။


အမျိုးသမီးတိုင်းအတွက်
EPOSOFT
Evening Primrose Oil 1000 mg




သင့်တစ်လတာကို လန်းဆန်းစွာ ဖြတ်ကျော်ပါ...
Made in Australia

Zifam
Caring For Wellbeing

# အကြိုဆီးချိုအကြောင်း သိကောင်းစရာ

## ဆီးချိုသွေးချိုရောဂါ မဖြစ်မီကစ၍ ကာကွယ်ပါ။

## World Prediabetes Day : A Call to Prevent Diabetes Before It Starts




**ပါမောက္ခ ဒေါက်တာသန်းသန်းအေး**

ဆီးချိုသွေးချို နှင့် ဟော်မုန်းရောဂါဆေးပညာ

အထူးကုဆရာဝန်ကြီး

ကမ္ဘာ့အကြိုဆီးချိုနေ့ကို ၂၀၂၁ ခုနှစ်မှ စတင်၍ ဩဂုတ်လ ၁၄ ရက်နေ့မှာ ကျင်းပကြပါတယ်။ ကမ္ဘာ့အကြိုဆီးချိုနေ့ "World Pre -diabetes Day" ဟာ အကြိုဆီးချိုအကြောင်းကို လူအများသိရှိလာအောင် ကျန်းမာရေး အသိပညာ တိုးပွါးစေတဲ့ နေ့တစ်နေ့ဖြစ်ပါတယ်။

### ဘာကြောင့် ဩဂုတ်လ ၁၄ ရက်ကို သတ်မှတ်ရွေးချယ်ကြပါသလဲ ...

"World Prediabetes Day" ကမ္ဘာ့အကြိုဆီးချိုနေ့ကို "World Diabetes Day" ကမ္ဘာ့ဆီးချိုနေ့ဖြစ်တဲ့ နိုဝင်ဘာလ ၁၄ ရက်နေ့ မကျရောက်မီ ရက်ပေါင်း ၉၀ အလိုမှာ ကျင်းပပြုလုပ်ရန်သတ်မှတ်ခဲ့ပါတယ်။ အဓိပ္ပါယ်ကတော့ သုတေသနတွေအရ နေထိုင်မှုပုံစံပြုပြင်ခြင်းကို အနည်းဆုံး ရက်ပေါင်း ၉၀ ပြုလုပ်လိုက်လျှင် အကြိုဆီးချိုကို ပျောက်ကင်းစေနိုင်ပြီး ဆီးချိုရောဂါအဆင့်သို့လည်း မတိုးသွားအောင် တားဆီးနိုင်စေတဲ့ သဘောကို အမှတ်ရစေရန် ဖြစ်ပါတယ်။



Photo Source : The Internet

### အကြိုဆီးချို (Prediabetes) ဆိုသည်မှာ -

သွေးချိုအဖြေသည် လူကောင်းတွေထက် များနေပြီး ဆီးချိုရောဂါရဲ့ သတ်မှတ်ချက်တော့ မရောက်သေးတဲ့ ကြားကာလအဆင့် တစ်ခုမှာ ရှိနေတာကို အကြိုဆီးချို ဖြစ်နေပြီလို့ ဆိုနိုင်ပါတယ်။

### အတိအကျပြောမယ်ဆိုရင် ...

၁။ Fasting Glucose နံနက်စောစော မစားမီ သွေးချို ၁၀၀ မှ ၁၂၅ mg/dL (သို့မဟုတ်) ၅.၆ မှ ၆.၉ mmol/L အတွင်းရှိပြီး

၂။ HbA1c ၃လ ပျမ်းမျှသွေးချို ၅.၇% မှ ၆.၄% အတွင်း

၃။ 2-hour OGTT ဂလူးကို့စ် သောက်ပြီး နှစ်နာရီ အကြာမှာရှိသော သွေးချို ၁၄၀ မှ ၁၉၉ mg/dL အတွင်းရှိနေတာကို အကြိုဆီးချို (Prediabetes) ရှိပြီလို့ ခေါ်ဆိုနိုင်ပါတယ်။

# အကြိုဆီးချိုကိုသိဖို့ ဘာကြောင့် အရေးကြီးသလဲ ...

၁။ တစ်ကမ္ဘာလုံးရှိ လူကြီး သုံးယောက်မှာ တစ်ယောက်ဟာ အကြိုဆီးချိုရောဂါ ဖြစ်နေကြတာ တွေ့ရပြီး ပိုဆိုးတာက ဒီအခြေအနေဟာ ဖြစ်နေမှန်းမသိဘဲ မသိမသာ တိတ်တိတ်လေးဖြစ်နေတဲ့ ဆီးချိုအဆင့်ဖြစ်ပါတယ်။



လူကြီးသုံးယောက်မှာ တစ်ယောက်ဟာ အကြိုဆီးချိုဖြစ်နေကြပါတယ် ...




၂။ အကယ်၍ တားဆီးတာတွေ စောစော စပြီး မလုပ်ဘူးဆိုရင် ၇၀% သော အကြိုဆီးချိုရှိနေသူတွေဟာ ဆီးချိုရောဂါ အဆင့် သို့ရောက်သွားကြပါမယ်။

၃။ ဒီအခြေအနေကို အစောဆုံးဖော်ထုတ်နိုင်ပြီး Lifestyle နေထိုင်မှုပုံစံ ပြောင်းပေးနိုင်ပါက လူကောင်းကဲ့သို့ ပြန်လည်ပျောက်ကင်းနိုင်တာရှိသလို ဆီးချိုရောဂါ စဖြစ်လာခြင်းကို ဟန့်တားထားခြင်း (သို့မဟုတ်) အချိန်ဆွဲထားခြင်းများ ပြုလုပ်နိုင်ပါသည်။ ထို့ကြောင့် သိအောင်စစ်ပါ။



စောစောသိအောင် စစ်ဆေးပါ။

Photo Source : The Internet

၄။ ကမ္ဘာမှာ အထင်ရှားဆုံး လေ့လာစမ်းသပ်ထားတဲ့ Diabetes Prevention Program (DPP) နဲ့ Finnish Diabetes Prevention Study ဆိုတဲ့ သုတေသနတွေက ဘာတွေတွေ့ထားလဲဆိုရင် -



Photo Source : The Internet

- ကျန်းမာသော စားသောက်နေထိုင်မှုပုံစံပြောင်းပေးလိုက်တာနဲ့ အကြိုဆီးချိုအဆင့်မှ ဆီးချိုအဆင့်သို့ ရောက်ရှိနှုန်းကို ၅၈% ထိ လျော့သွားစေတယ်။



- အသက်ငယ်သူတွေ၊ အဝလွန်သူတွေနဲ့ ကိုယ်ဝန်ဆောင်ဆီးချိုဖြစ်ဖူးသော အမျိုးသမီးတွေမှာ အကြိုဆီးချိုရှိနေပါက မက်ဖော်မင် စောစော စသောက်စေခြင်းဖြင့် ဆီးချိုအဆင့်သို့ တိုးမသွားအောင် ၃၁% ထိ တားဆီးထားနိုင်ပါတယ်။

၅။ ဆီးချိုကြောင့်နောင်ဖြစ်လာမည့် နောက်ဆက်တွဲ ဆင့်ပွားရောဂါတွေကိုလည်း အခုလို ဆီးချိုဖြစ်မလာခင်ကတည်းက တားဆီးထားနိုင်တာဖြစ်ပါတယ်။

**" အကြိုဆီးချို (Prediabetes) ဆိုသည်မှာ သွေးချိုအဖြေသည် လူကောင်းတွေထက်များနေပြီး ဆီးချိုရောဂါရဲ့သတ်မှတ်ချက်တော့ မရောက်သေးတဲ့ ကြားကာလအဆင့် တစ်ခုမှာရှိနေတာကို အကြိုဆီးချို ဖြစ်နေပြီလို့ ဆိုနိုင်ပါတယ် ..."**

# လုပ်ဆောင်ရမည့် ဗျူဟာများ




Photo Source : The Internet

၁။ Lifestyle Changes (ကျန်းမာတဲ့ နေထိုင်မှုပုံစံသို့ ပြောင်းလဲခြင်း) ဆိုတာဘာလဲ ...

* ကိုယ်အလေးချိန် ၅-၇% လျှော့ချခြင်း
* တစ်ပတ်တွင် မိနစ် ၁၅၀ လေ့ကျင့်ခန်းပြုလုပ်ခြင်း (ဥပမာ - သွက်သွက်လက်လက် လမ်းလျှောက်ခြင်း
* ကျန်းမာသောအစားအစာ၊ သကြားလျှော့စားခြင်း၊ အမျှင်ဓါတ်များသော ဟင်းသီးဟင်းရွက် ၊ အစေ့အဆံ ပိုစားခြင်း

၂။ Medical Therapy: အကြိုဆီးချို အဆင့်မှာ သုံးနိုင်သော ဆီးချိုတားဆေးရှိလား ...

* Metformin မက်ဖော်မင် for selected high- risk individuals (young, obese, women with GDM history).

၃။ Public Health Strategies: လူထုကျန်းမာရေးလှုပ်ရှားမှုများ ပြုလုပ်ခြင်း

* ဆီးချိုသွေးချို ဖြစ်နိုင်ခြေများသူတွေကို လူထုထဲမှ ရှာဖွေဖော်ထုတ်ပေးခြင်း
* ဆီးချိုသွေးချို ကာကွယ်တားဆီးရေး အစီအစဉ်(Diabetes prevention programs) ကို လုပ်ငန်းခွင်မှာ၊ ကျောင်းတွေမှာ၊ ဆေးခန်းတွေမှာ ပြုလုပ်ပေးခြင်း
* ဒစ်ဂျစ်တယ် ကိရိယာများ အသုံးပြုပြီး ကျန်းမာရေး နည်းပြခြင်း (Digital tools and health coaching) များပြုလုပ်နိုင်ပါသည်။

**" တစ်ကမ္ဘာလုံးရှိ လူကြီး သုံးယောက်မှာ တစ်ယောက်ဟာ အကြိုဆီးချိုရောဂါ ဖြစ်နေကြတာတွေ့ရပြီး ပိုဆိုးတာက ဒီအခြေအနေဟာ ဖြစ်နေမှန်းမသိဘဲ မသိမသာ တိတ်တိတ်လေး ဖြစ်နေတဲ့ ဆီးချိုအဆင့်ဖြစ်ပါတယ်..."**

# ဆီးချိုသွေးချို ကာကွယ်တားဆီးရေးအတွက် အကြံပြုချက်များ

၁။ "သင့်ဆီးချိုအန္တရာယ် သင်သိပါ"၊ "Know Your Risk" - အကယ်၍ သင်ဟာ အသက်၄၅ နှစ်ကျော်ပြီလား၊ ကိုယ်အလေးချိန်များပြီး အဝလွန်နေလား၊ အမျိုးရင်းချာထဲမှာ ဆီးချိုဖြစ်သူရှိနေလား ၊ ဒါဆိုရင် စောစောစစ်ဆေးပါ။



Photo Source : The Internet

၂။ အကြိုဆီးချိုဆိုတာ သတိပေးခေါင်းလောင်းသံလေးတစ်ခုသာဖြစ်သည်။ လူတိုင်းဆီးချိုဖြစ်လာမည်လို့ မဆိုလိုပါ။ သင်ဒါကို ပြန်ကောင်းအောင်လုပ်နိုင်သည် ။ "Prediabetes is a Warning — Not a Sentence." You can reverse it.

၃။ "စစ်ပါ-လုပ်ပါ-ကာကွယ်ပါ" သွေးချိုလေးတစ်ချက်စစ်ရုံဖြင့် သင့်အနာဂါတ် ပြောင်းလဲနိုင်မည်။ "Test. Act. Prevent." – A simple blood test can change your future."



Photo Source : The Internet

## Rick Factors
## (ရောဂါဖြစ်နိုင်ချေများသူများ)

- မိသားစု ၊ မျိုးရိုးထဲတွင် အမျိုးအစား ၂ ဆီးချို (သို့) နလုံးရောဂါရှိသူများ
- တက်ကြွလှုပ်ရှားမှုနည်းပါးပြီး အထိုင်များသူများ
- သွေးတိုးရောဂါ ရှိသူများ
- ည အိပ်ချိန် မမှန်သူများ
- အဝလွန်သူများ

၄။ နည်းနည်းပဲပြောင်းရုံနဲ့ များများကြီး ကွာခြားသွားပါမည်။ လမ်းပိုလျှောက်၊ ကျန်းမာစွာစားပြီး စိတ်ဖိစီးမှုလျှော့ပါ။ "Small Changes Make a Big Difference." Walk more, eat better, stress less.



Photo Source : The Internet

၅။ ဆီးချိုကာကွယ်ခြင်း စတင်ဆောင်ရွက်ရမည့်သူဟာ သင်သာဖြစ်သည်။ မိမိကိုယ်တိုင် အသိပညာ ရယူခြင်း၊ လက်တွေ့လိုက်နာကျင့်သုံးခြင်းဖြင့် မိမိ၏ စွမ်းဆောင်နိုင်စွမ်းကို မြှင့်တင်ပါ။ " Preventing Diabetes Starts with You." Empower yourself with knowledge and action.

**ဆီးချိုသွေးချိုရောဂါ ၊**
**မဖြစ်မီကစ၍ ကာကွယ်ပါ။**



Photo Source : The Internet

## Signs of Diabetes
## (ဆီးချိုရောဂါ၏ လက္ခဏာများ)

- အမြင်အာရုံ ဝေဝါးခြင်း
- မကြာခဏ ရေဆာခြင်း
- လက် ၊ ခြေများတွင် ထုံခြင်း ၊ ကျဉ်ခြင်း
- မကြာခဏ ဆီးသွားခြင်း

## Lifestyle Tips (လူနေမှုပုံစံ ပြုပြင်ရန် အကြံပြုချက်များ)

- Refined Carbohydrates (ပြုပြင်ထားသော ကစီဓာတ် အစားအစာများ) ကို ရှောင်ကြဉ်ပါ။ (ဥပမာ - ပေါင်မုန့်အဖြူ ၊ ဖြူဖွေးနေအောင် ဖွတ်ထားသော ဆန် ၊ ဆိုဒါအချိုရည် ၊ အချိုများသော အစားအစာများ)
- သကြားကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။
- အရက် လျှော့သောက်ပါ။
- ကျန်းမာရေးနှင့် သင့်လျော်သော အစားအစာများကိုသာ စားပါ။
- အိပ်ရေး ဝအောင် အိပ်ပါ။
- လှုပ်လှုပ်ရှားရှားနေပါ ၊ လေ့ကျင့်ခန်း ပုံမှန် ပြုလုပ်ပါ။
- အစားအစာများကို တစ်ခါစားလျှင် အများကြီး စားသုံးခြင်းမျိုး မလုပ်ဘဲ နည်းနည်းစီသာ စားပါ။


ဤအစီအစဉ်ကို **Zidapa 5** (Dapagliflozin Tablets 5mg) **Zidapa 10** (Dapagliflozin Tablets 10mg) ဆီးချိုသွေးချိုကျဆေးမှ ကျန်းမာရေးဗဟုသုတရရှိစေရန်ရည်ရွယ်၍ တင်ဆက်ပေးထားပါသည်။




မှတ်ချက်။ ။ Zidapa ဆေးသည် ဆရာဝန်ညွှန်ကြားချက်ဖြင့်သာ သောက်သုံးရသောဆေးဖြစ်ပြီး မိမိသဘောဖြင့် သောက်သုံးခြင်းမပြုရပါ။

# Facia အမေးများသောမေးခွန်းများ

## Facia မှာ ဘာတွေပါဝင်ပါသလဲ။

Facia မှာ ပင်လယ်သမုဒ္ဒရာရှိ ငါးကြီးများမှရရှိတဲ့ Collagen နှင့် သဘာဝအရင်းအမြစ်များမှရရှိသော Grape Seed Ext., Vitamin C, Lycopene, Biotin နဲ့ တခြားသော Antioxidants များစွာဖြင့် စနစ်တကျ ပေါင်းစပ်ထုတ်လုပ်ထားတဲ့ သဘာဝရဲ့အလှဓာတ်စာဖြစ်ပါတယ်။

## Facia သောက်သုံးခြင်းကြောင့် ဘယ်လိုအကျိုးကျေးဇူးတွေရရှိနိုင်ပါသလဲ။

Facia ကို နေ့စဉ် နှစ်လုံး ပုံမှန်သောက်သုံးခြင်းဖြင့် -

- အရေးအကြောင်းကင်းစင်၍ နုပျိုတင်းရင်းပြီး ကြည်လင်သောအသားအရေ
- တောက်ပ ကျန်းမာသန်စွမ်းသော ဆံကေသာ
- ပန်းနုရောင်သမ်းပြီး ကျန်းမာလှပသော လက်သည်း၊ ခြေသည်းများ စတဲ့ (Triple Effects) အကျိုးအာနိသင်တွေကို ရရှိစေမှာဖြစ်ပါတယ်။

## Facia ကို ဘယ်လိုသောက်သုံးရမလဲ။

မနက်တစ်လုံး၊ ညနေတစ်လုံးသောက်ရမှာပါ။ အစာနဲ့ဆက်နွယ်မှုမရှိတဲ့အတွက် အစာစားပြီးဖြစ်စေ၊ မစားခင်ဖြစ်စေ အဆင်ပြေသလိုသောက်လို့ရပါတယ်။

## ဘယ်အရွယ်ကနေစသောက်လို့ရလဲ။

အသက် (၁၈)နှစ်ဆိုရင် စသောက်လို့ရပါတယ်။ ဘေးထွက်ဆိုးကျိုးမရှိနိုင်တဲ့အတွက် လှပလိုသမျှကာလပတ်လုံး စွဲသောက်လို့ရပါတယ်။

## ဘယ်လောက်ကြာကြာသောက်ရင် သိသာနိုင်ပါသလဲ။

ဆုံးရှုံးသွားတဲ့ Collagen နဲ့ Antioxidant ပေါ်မူတည်ပြီး တစ်ယောက်နဲ့တစ်ယောက်မတူနိုင်ပါဘူး။ တစ်ချို့လည်း (၂)ကဒ်လောက်သောက်ပြီး သိသာကြသလို တစ်ချို့လည်း (၂)ဗူးလောက်သောက်ပြီးမှ သိသာလာတာမျိုးလည်း ရှိပါတယ်။ အများစုမှာတော့ (၂)လ ကနေ (၄)လအတွင်းမှာ ထူးခြားသိသာတဲ့ ရလာဒ်တွေ ရရှိကြပါတယ်။

## Facia ကစွဲသောက်ရမှာလား။ ဘယ်လောက်ကြာအောင်စွဲသောက်ရမလဲ။

စွဲသောက်မယ်၊ မသောက်ဘူးဆိုတာကတော့ မိမိအပေါ်မှာမူတည်ပါတယ်။ အကျိုးကျေးဇူးတွေ မလိုချင်တော့ဘူးဆိုရင် ရပ်လိုက်လို့ရပါတယ်။ ရပ်လိုက်တဲ့အတွက် ဘေးထွက်ဆိုးကျိုးမရှိနိုင်ပါဘူး။ အကျိုးကျေးဇူးတွေ လိုချင်တယ်ဆိုရင်တော့ လှပလိုသမျှကာလပတ်လုံးသောက်လို့ရပါတယ်။

Facia
Collagen with Antioxidant
"တမူထူးခြားသော သဘာဝရဲ့အလှဓာတ်စာ"




Made in Australia

# Facia အမေးများသောမေးခွန်းများ

## ဘေးထွက်ဆိုးကျိုးရှိနိုင်လား။

Facia မှာပါဝင်တဲ့ ပါဝင်ပစ္စည်းတွေဟာ သဘာဝကနေထုတ်လုပ်ထားတဲ့အတွက်ကြောင့် ဘေးထွက် ဆိုးကျိုး မဖြစ်စေပါဘူး။

## Facia သောက်ရင်ဝလာနိုင်လား။

ဝတယ်၊ မဝဘူးဆိုတာက လူတစ်ဦးရဲ့ အစားအသောက်၊ အနေအထိုင်၊ အခြားသောက်နေတဲ့ ဆေးတွေ၊ ဟော်မုန်းနဲ့ တခြားရောဂါတွေအပေါ်မှာလည်း မူတည်သေးတာကြောင့် ဆေးတစ်ခုတည်းနဲ့ ဝတာ ဆိုပြီး ကျိန်းသေပေါက်ပြောဖို့ ခက်ပါတယ်။ တစ်ဦးတစ်ယောက်ချင်းပေါ်မှာလည်း မူတည်ပါတယ်။ Facia ဟာ သဘာဝပစ္စည်းတွေကနေ ထုတ်လုပ်ထားပြီး ဝစေနိုင်တဲ့ အာနိသင်တော့မရှိပါဘူး။

## အမျိုးသားတွေရော သောက်လို့ရပါလား။

နေ့စဉ်ဘဝမှာ ထိတွေ့နေရတဲ့ နေရောင်ခြည်၊ မီးခိုးငွေ့၊ ဆေးလိပ်သောက်သုံးခြင်းတို့ကြောင့် ဆုံးရှုံးသွားရတဲ့ Collagen နဲ့ Antioxidant ကိုပြန်လည်ဖြည့်တင်းပေးတဲ့ သဘာဝအလှဓာတ်စာဖြစ်တဲ့အတွက် အမျိုးသားတွေလဲ Facia ကိုသောက်သုံးနိုင်ပါတယ်။

## ကိုယ်ဝန်ဆောင်မိခင်တွေနဲ့ နို့တိုက်မိခင်တွေသောက်လို့ရလား။

Facia မှာ ဘေးထွက်ဆိုးကျိုးဖြစ်စေတဲ့ အရာတွေမပါဝင်ပါဘူး။ ဒါပေမယ့် ကိုယ်ဝန်ဆောင်မိခင်နဲ့ နို့တိုက်မိခင်တွေမှာ စမ်းသပ်ထားတာမျိုး မရှိတဲ့အတွက် ကလေးနို့ပြတ်ပြီးတဲ့အချိန်မှသာ သောက်ဖို့ အကြံပေးချင်ပါတယ်။

## Facia ဆက်မသောက်ဘဲရပ်လိုက်ရင်အသားအရေတွေလျော့ကျလာနိုင်ပါလား။

ဆက်မသောက်ဘဲရပ်လိုက်မယ်ဆိုရင် ဆေးဖြတ်လိုက်တဲ့အတွက်ကြောင့် ဘေးထွက်ဆိုးကျိုး ဖြစ်တာမျိုးတွေ မရှိနိုင်ပါဘူး။ ဆေးဆက်မသောက်တော့တဲ့အခါ အသားအရေက ဆေးသောက်တုန်းကလောက် ကောင်းမယ်၊ မကောင်းဘူးဆိုတာ အတိအကျပြောလို့မရပါဘူး။ တစ်ဦးတစ်ယောက်ချင်းအပေါ်မှာမူတည်ပါတယ်။ ဆေးမသောက်တော့ပေမယ့် အခြားနည်းလမ်းတွေနဲ့ အသားအရေ ထိမ်းသိမ်းမှုတွေ ပြုလုပ်နေမယ်ဆိုရင်တော့ အသားအရေကကောင်းမွန်ပါလိမ့်မယ်။ အသက်အရွယ်ကြောင့် အိုမင်းရင့်ရော်လာမှုကိုလည်း သတိပြုစေလိုပါတယ်။

## Facia ကိုအခြားဆေးတွေနဲ့တွဲသောက်လို့ရလား။

Facia ကို သဘာဝပစ္စည်းတွေမှ ထုတ်လုပ်ထားပြီး တခြားဆေးတွေနဲ့ ဓာတ်ပြုမှုတွေတော့မရှိပေမယ့် ပုံမှန်သောက်နေကျဆေးတွေနဲ့ နာရီဝက်၊ ၄၅ မိနစ်ခန့် ခြားပြီးမှ သောက်ဖို့အကြံပြုချင်ပါတယ်။

Facia
Collagen with Antioxidant
"တမူထူးခြားသော သဘာဝရဲ့အလှဓာတ်စာ"




Made in Australia

# Facia အမေးများသောမေးခွန်းများ

## Facia ကို သွေးချို၊ ဆီးချို၊ နလုံးရောဂါသမား နှင့် အစာအိမ်သမားတွေသောက်လို့ရလား။

Facia ကို ထူးထူးခြားခြား ပြင်းထန်တဲ့ရောဂါမျိုး (ဥပမာ- ပြင်းထန်တဲ့အစာအိမ်ရောဂါ) တွေမရှိဘူးဆိုရင်သောက်သုံးလို့ရပါတယ်။ ဘေးထွက်ဆိုးကျိုးဖြစ်စေနိုင်တဲ့အရာမပါဝင်တဲ့အတွက် နလုံး၊ သွေးတိုး နှင့် ဆီးချိုသမားများလည်းသောက်လို့ရပါတယ်။
Facia မှာ အစာအိမ်ကိုထိခိုက်စေတဲ့အရာမပါဝင်ပေမယ့် အစာအိမ်ဝေဒနာခံစားနေရတယ်ဆိုရင်တော့ သက်ဆိုင်ရာဆရာဝန်နဲ့ တိုင်ပင်ပြီးမှသောက်ဖို့အကြံပေးချင်ပါတယ်။

## Facia သောက်ပြီးဓာတ်မတည့်မှုတွေဖြစ်ပေါ်လာနိုင်ပါသလား။

Facia မှာ ပါဝင်တဲ့ Marine Collagen ဟာ ဓာတ်မတည့်မှုဖြစ်နိုင်ခြေ အရမ်းကိုနည်းပါး ပါတယ်။ အကယ်၍ ဆေးသောက်ပြီးမှ အရေပြားယားယံတာတွေ၊ အဖုအပိန့်ထွက်လာတာတွေ၊ မူးဝေတာတွေ ခံစားလာရရင်တော့ ဆေးသောက်တာကိုရပ်ထားဖို့ အကြံပေးချင်ပါတယ်။

## Facia သောက်ရင်တင်းတိပ်တွေကိုသက်သာစေလား။

Facia Customer တွေရဲ့ Feedback အရတော့ တင်းတိပ်တွေလည်းသက်သာစေတယ်လို့သိရပါတယ်။
Facia သောက်သုံးခြင်းကြောင့်အသားအရေ စိုပြည်တင်းရင်းဝင်းမွတ်စေတဲ့အတွက် တင်းတိပ်တွေကိုလည်း လျော့ပါးသက်သာစေနိုင်ပါတယ်။

## Facia ဟာ ဝက်ခြံပျောက်ဆေးလား။

Facia ဟာ ဝက်ခြံအတွက်တိုက်ရိုက်ကုသတဲ့ဆေးတော့မဟုတ်ပါဘူး။ Facia မှာ ပါဝင်တဲ့ Collagen နဲ့ Antioxidants တွေက ဝက်ခြံကြောင့်ဖြစ်ပေါ်လာနိုင်တဲ့ အမာရွတ်တွေ၊ အမဲစက်တွေ၊ ချိုင့်ခွက်တွေကို သက်သာလျော့နည်းစေပါတယ်။

## ဆံပင်ကျွတ်လို့ Facia သောက်လို့ရလား။

Facia က ဆံပင်ကျွတ်သူတွေအတွက် အရမ်းသင့်တော်ကောင်းမွန်ပါတယ်။
Facia မှာပါဝင်တဲ့ Horsetail ဟာ ဦးရေပြားအောက်ကို သွေးလည်ပတ်မှုကောင်းစေတဲ့အတွက် ဆံပင်အရင်းအမြစ်ကို သန်စွမ်းစေပြီး ဆံပင်ကျွတ်ခြင်းကို သက်သာစေတဲ့အပြင် ဆံပင်ဆံသားကို နက်မှောင်သန်စွမ်းစေပါတယ်။

## လက်သည်း ကျိုးလွယ်၊ ပဲ့လွယ်နေလို့ Facia သောက်လို့ရပါသလား။

Facia မှာ ပါဝင်တဲ့ Marine Collagen နဲ့ Antioxidants တွေဟာ လက်သည်းခြေသည်း ကျိုးလွယ်၊ ပဲ့လွယ် ဖြစ်နေတာတွေကို သိသိသာသာ ပျောက်ကင်းစေတဲ့အပြင် ပန်းရောင်သမ်းပြီး လှပကျော့ရှင်းသော လက်သည်း ခြေသည်းအလှတရားကို ပိုင်ဆိုင်နိုင်မှာဖြစ်ပါတယ်။

Facia
Collagen with Antioxidant
"တမူထူးခြားသော သဘာဝရဲ့အလှဓာတ်စာ"




Made in Australia

# Facia အမေးများသောမေးခွန်းများ

## ဘာကြောင့် Collagen တစ်မျိုးတည်းမဟုတ်ဘဲ ရောထားတာလဲ။

အသားအရေတင်းရင်းနုပျိုမှုအတွက် လိုအပ်တဲ့ Marine Collagen ပါဝင်တဲ့အပြင် တခြားသော Antioxidants တွေပါထည့်သွင်းပေးထားတဲ့အတွက် ခန္ဓာကိုယ်မှ Collagen ထုတ်လုပ်မှုနှင့် Collagen အချင်းချင်းထောက်ပံ့ပေးပြီး ခိုင်ခံ့မှုကိုပိုမိုအားကောင်းစေသောကြောင့် Skin, Hair, Nail Actions (၃) မျိုးလုံး ကိုရရှိစေနိုင်မှာဖြစ်ပါတယ်။

## Facia ကို ဘယ်နိုင်ငံကထုတ်လုပ်တာလဲ။

Facia ကို နိုင်ငံတကာအဆင့်မီကုန်ကြမ်းပစ္စည်းများနဲ့ Australia နိုင်ငံမှထုတ်လုပ်တင်သွင်းထားတဲ့အတွက် အရည်အသွေးပိုင်းမှာ စိတ်ချယုံကြည်စွာသောက်သုံးနိုင်ပါတယ်။


Facia
Collagen with Antioxidant
"တမူထူးခြားသော သဘာဝရဲ့အလှဓာတ်စာ"




Made in Australia

Zifam

Caring For Wellbeing



# Protec အမေးများသောမေးခွန်းများ

## Protec ကိုဘယ်အရွယ်ကစပြီးသောက်သုံးနိုင်လဲ။

Protec ကို အသက် (၁၆)နှစ် မှစပြီးသောက်သုံးနိုင်ပါတယ်။

## Protec ကိုဘယ်လိုသောက်ရမလဲ။

Protec ကို တနေ့ (၁)လုံး အစားစားပြီးသောက်သုံးနိုင်ပါတယ်။

## Protec မှာ ဘာတွေပါဝင်လဲ။

Protec မှာ GSE လို့ခေါ်တဲ့ စပျစ်စေ့ ကနေရတဲ့ Antioxidants အဓိကပါဝင်ပြီး Silymarin (အသည်း Antioxidants) နှင့် Vitamin C, Vitamin E, Vitamin B complex Folic Acid နှင့် Zinc လို့ခေါ်တဲ့ သတ္တုဓာတ်တို့လဲ ပါဝင်ပါတယ်။

## Protec ကိုတစ်နေ့ ဘယ်နှစ်လုံးထိသောက်လို့ရလဲ။

Protec ကိုအများဆုံး တစ်နေ့ (၂)လုံးအထိ သောက်သုံးနိုင်ပါတယ်။

## Protec သောက်ရင်ဝိတ်ကျစေလား။

Protec မှာ ပါဝင်တဲ့ GSE လို့ခေါ်တဲ့ စပျစ်စေ့မှ ရရှိတဲ့ Antioxidants က သွေးတွင်းမကောင်းတဲ့ အဆီဓာတ်များကို လျှော့ချပေးနိုင်ပါတယ်။ ကိုယ်အလေးချိန်ကိုတော့ လျှော့ချပေးခြင်းမရှိပါ။

## Protec ကိုရေရှည်စွဲသောက်လို့ရလား။

Protec ဟာနေ့စဉ်သောက်သုံးနိုင်တဲ့ Antioxidants + Vitamins ပေါင်းစပ်အားဆေးဖြစ်ပါတယ်။ ဘေးထွက်ဆိုးကျိုးလည်းမရှိပါ။

## Protec က အသားအရည်အတွက်ကောင်းလား။

Protec က အရေပြားရဲ့ဆန့်အားနှင့်နူးညံ့မှုတို့ကိုပေးစွမ်းနိုင်ရုံမက နေလောင်ဒဏ်ကိုပါ ကာကွယ်ပေးနိုင်ပြီး တဖန်ပြန်လည်နုပျိုစေနိုင်တဲ့ဆေးပါ။

## Protec ကို ဘယ်လိုအခြေအနေမှာဆို ဆေးကိုဆက်မသောက်သင့်ဘူးလဲ။

Antioxidants ဖြည့်စွက်အားဆေးများနှင့် ဓာတ်မတည့်သူများမသောက်ရပါ။ ဓာတ်မတည့်တဲ့ လက္ခဏာများ။ (မျက်နှာတွေရဲလာတာ၊ ယားလာတာ၊ နှုတ်ခမ်းတွေ ထူလာတာ) တွေရှိရင်တော့ ဆက်မသောက်သင့်ပါဘူး။

**Protec**

"Complete Antioxidant Formula အားဆေး Protec"



# Protec အမေးများသောမေးခွန်းများ

## Protec ကိုသောက်ရင် မျက်စိအတွက်ရောဘယ်လိုကောင်းကျိုးတွေရလဲ။

Protec ကိုသောက်သုံးခြင်းဖြင့် မျက်စိအာရုံကြောရောဂါများ ဖြစ်ပွားခြင်းကို လျော့နည်းစေပါတယ်။ မျက်စိသွေးကြောများမှ သွေးစိမ့်ထွက်ခြင်းကို ကာကွယ်ပေးပြီး မျက်လုံးအိမ်အတွင်း သွေးလှည့်ပတ်မှုကိုလည်း ကောင်းမွန်စေပါတယ်။

## အရွယ်မတိုင်ခင်သွေးဆုံးခြင်းတွေကော Protec က ကာကွယ်ပေးသလား။

Protec ကို တနေ့ (၁) လုံးပုံမှန်သောက်သုံးခြင်းဖြင့် အရွယ်မတိုင်မီ အိုမင်းရင့်ရော်ခြင်းနှင့် ရောဂါဘယများကို ကာကွယ်ပေးပြီး အရွယ်တင်နုပျိုကျန်းမာစေပါတယ်။

## Protec ကို နှလုံးရောဂါရှိတဲ့သူတွေသောက်လို့ရလား။

Protec ကို နှလုံးသွေးကြောကျဉ်းရောဂါရှိသူများ၊ နှလုံးအားနည်းနေသူများ၊ နှလုံးကြီးသူများမှာ နေ့စဉ်သောက်သုံး နိုင်ပါတယ်။ Protec ဟာ ဓာတ်တိုးဆန့်ကျင်တဲ့ အာနိသင်ကြွယ်ဝသောကြောင့် နှလုံးနှင့်သွေးကြော ကျန်းမာရေးအတွက်အထူးကောင်းမွန်သည့် ဖြည့်စွက်အားဆေး ဖြစ်ပါတယ်။

## နှလုံးသွေးကြောကျဉ်းတဲ့သူတွေမှာသောက်လို့ရလား။

Protec ဟာနှလုံးသွေးကြောကျဉ်းသူများအတွက် အထူးသင့်တော်ပါတယ်။ သွေးကြောနံရံတွင်မကောင်းသော အဆီများစုခြင်းကိုတားဆီးပေးနိုင်ပါတယ်။ နှလုံးကျန်းမာရေးအတွက်ကို လည်းကောင်းမွန်စေ ပါတယ်။

## သွေးတိုး၊ ဆီးချိုရှိတဲ့သူတွေရောသောက်သုံးနိုင်လား။

Protec ကိုဆီးချိုရောဂါရှိသူတွေသောက်နိုင်ပါတယ်။ GSE ခေါ်တဲ့ စပျစ်စေ့ကရတဲ့ အင်တီအောက်စီးဒင့်ပါဝင်မှုကြောင့် သွေးတွင်းသကြားဓါတ်ကို လျှော့ချပေးနိုင်ပါတယ်။ ဗီတာမင် C,E နဲ့အတူ Zinc လည်း ပါဝင်တာကြောင့် ကိုယ်ခံအားကိုပိုမိုကောင်းမွန်စေလို့ ဆီးချိုရောဂါရှိသူတွေနဲ့ အထူးသင့်လျော်ပါတယ်။

## လေဖြတ်လူနာသောက်လို့ရလား။

Protec ကိုလေဖြတ်လူနာတွေမှာလဲ သောက်သုံးနိုင်ပါတယ်။ GSE ပါဝင်တဲ့အတွက် သွေးလည်ပတ်မှုကိုကောင်းစေတဲ့အပြင် Vitamin B6 နှင့် B12 တို့လည်းပါဝင်တဲ့အတွက် အာရုံကြောများကိုလည်းအားဖြစ်စေပါတယ်။

## Protec ကို တစ်ခြားအားဆေးတွေနဲ့တွဲသောက်လို့ရလား။ အတူတွဲ မသောက်သင့်တဲ့ဆေးရှိပါသလား။

Protec ကို တခြားအားဆေးများနှင့်လည်း တွဲသောက်နိုင်ပါတယ်။ တွဲမသောက်သင့်သောဆေး မရှိပါ။

**Protec**

"Complete Antioxidant Formula အားဆေး Protec"




Made in Australia

# Protec အမေးများသောမေးခွန်းများ

## Protec ကို Folic Acid နဲ့တွဲသောက်လို့ရလား။

Protec မှာ Folic Acid 250mg ပါဝင်ပြီးသားဖြစ်ပါတယ်။ Folic Acid နှင့်
တွဲဖက်သောက်သုံးလို့လည်းရပါတယ်။

## Protec ကိုကျောက်ကပ်ရောဂါရှိတဲ့သူတွေသောက်လို့ရလား။

ကျောက်ကပ်ဆေးနေရသောသူများ၊ ကျောက်ကပ် အဆီပ်တက်သူများ၊ နာတာရှည်ကျောက်ကပ်
အားနည်းသူများမှာတော့ ဆရာဝန်နှင့် တိုင်ပင်ပြီးမှ သောက်သုံးသင့်ပါတယ်။

## Protec ကို ကိုယ်ဝန်ဆောင်နဲ့နို့တိုက်မိခင်တွေသောက်လို့ရလား။

Protec ကို ကိုယ်ဝန်ဆောင်နဲ့နို့တိုက်မိခင်တွေမှာတော့ ဆရာဝန်နှင့်တိုင်ပင်ပြီးမှ သောက်သင့်ပါတယ်။

## ပန်းနာရင်ကြပ်ရှိတဲ့သူတွေရော Protec ကိုသောက်လို့ရလား။

ပန်းနာရင်ကျပ်ရှိသူများတွင်လည်း Protec ကို နေ့စဉ်သောက်သုံးနိုင်ပါတယ်။

## Protec နဲ့ Protec Plus ဘာကွာလဲ။

### Protec

စပျစ်သီးအစေ့ မှရသော အင်တီအောက်ဆီးဒင့် 10 mg နဲ့ အတူ အသည်းကိုအကာအကွယ်ပေးနိုင်သော
silymarin အမြင်အာရုံအတွက်အထောက်အပံ့ပေးသော betacarotene စတာတွေအပြင်
အင်တီအောက်ဆီးဒင့် ဗီတာမင်တွေဖြစ်တဲ့ Vitamin C,E နဲ့အတူ နလုံး အာရုံကြောနဲ့ အသည်း တို့
အတွက်အားဖြစ်စေတဲ့ Vitamin B1, B5, B6 , B12 , Folic acid တွေကိုပေါင်းထည့်ပေးထားပါတယ်။
ဒါကြောင့် Protec ဟာ အင်တီအောက်ဆီးဒင့် နဲ့ ဗီတာမင် ပေါင်းစပ်အားဆေးဖြစ်ပါတယ်။
အသက် ၁၆ နှစ်ကစပြီးသောက်သုံးနိုင်ပါတယ်။တနေ့ ၁ လုံးကနေ ၂ လုံးအထိသောက်သုံးနိုင်ပါတယ်။

### Protec Plus

Protec Plus ကတော့ အင်တီအောက်စီးဒင့် သီးသန့်အားဆေးဖြစ်ပီးတော့ အင်တီအောက်စီးဒင့် ၁၃
မျိုးပေါင်းစပ်ထားပါတယ်။ စပျစ်သီးအစေ့မှရတဲ့ Proanthocyanadin အင်တီအောက်ဆီးဒင့် ၄၇.၅ mg ထိ
ပါဝင်ပီး နလုံးကောင်းမွန်စေတဲ့ Co Q 10, အသည်းအတွက် Silymarin, အဆုတ်ကိုအကာအကွယ်ပေးတဲ့
Lcysteine,  နေရောင်ကြောင့်ဖြစ်ပေါ်နိုင်တဲ့မျက်စိရောဂါတွေကို ကာကွယ်ပေးနိုင်တဲ့ Carotene, Lutein နဲ့
Lutein ester ဆဲလ်တွေကိုအားဖြည့်ပေးနိုင်တာအပြင် ဆီးချိုသွေးတိုးသမားတွေအတွက် ကောင်းမွန်တဲ့
Alpha Lipoic Acid , ခုခံအားစနစ်အတွက် vitamin C, E နဲ့ Zinc အပြင် ကင်ဆာတွေကိုကာကွယ်ပေးနိုင်တဲ့
Selenium, Calcium panthothenate စတဲ့ အင်တီအောက်စီးဒင့်တွေပါဝင်ပါတယ်။ Protec Plus ကိုလည်း
အသက် ၁၆ နှစ်ကနေစပြီး  တနေ့ တလုံးသောက်သုံးနိုင်ပါတယ်။


Protec

"Complete Antioxidant Formula အားဆေး Protec"





Made in Australia

Zifam
Caring For Wellbeing

# နာတာရှည်ကျောက်ကပ်ရောဂါ နှင့် အာဟာရကုထုံး

## Ketoanalogue ဖြည့်စွက်အသုံးပြုခြင်း



**ဒေါက်တာ ကြယ်စင်ယုမွန်**
အာဟာရဆိုင်ရာ အထူးပြုဆရာဝန်

နာတာရှည်ကျောက်ကပ်ရောဂါ (Chronic Kidney Disease/CKD) သည် အာရှနှင့် ကမ္ဘာတစ်ဝှမ်းတွင် အဖြစ်များသော ကျန်းမာရေးပြဿနာတစ်ခုဖြစ်သောကြောင့် အထူးပင် အလေးထား ကုသကြရပါသည်။ ခန့်မှန်းခြေအားဖြင့် လူပေါင်း သန်း ၈၅၀သည် ကျောက်ကပ်ရောဂါဒဏ်ကို ခံစားနေကြရပြီး၊ ထိုပမာဏမှာ ကမ္ဘာ့လူဦးရေ၏ ၁၀% ကျော်ဖြစ်သည်။

ဆီးချိုရောဂါ အဖြစ်များလာခြင်း နှင့် အသက်အရွယ်ကြီးမြင့် လာခြင်းများကြောင့် CKD ဖြစ်နှုန်းတိုးပွားလာမည်ဟု ခန့်မှန်းထားကြပါသည်။ နာတာရှည်ကျောက်ကပ်ရောဂါသည် ဆီးချိုရောဂါ နှင့် သွေးတိုးရောဂါကြောင့် အဖြစ်များပြီး သေဆုံးမှု မြင့်တက်နေပါသည်။

ထို့ကြောင့် နာတာရှည်ကျောက်ကပ်ရောဂါကို အလေးပေး ဆောင်ရွက်ရန်၊ ပညာပေးလုပ်ငန်းများကို ပိုမိုလုပ်ဆောင်ပြီး ပြည်သူလူထုကို အသိပေးရန် လိုအပ်နေပါသည်။

## အရေးကြီးသော အချက်များ

- မကူးစက်နိုင်သောရောဂါများထဲတွင်နာတာရှည်ကျောက်ကပ်ရောဂါကို ဦးစားပေးဂရုပြုပါ။
- ကျောက်ကပ်ရောဂါမဖြစ်အောင် ကာကွယ်ရေး နှင့် ကျောက်ကပ်ကျန်းမာရေး၊ မြှင့်တင်ရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- ကျန်းမာရေးအသိပညာတတ်မြောက်မှု တိုးတက်ပါစေ။
- ကုန်ကျစရိတ်သက်သာသော ဆေးဝါးများသုံးစွဲနိုင်မှု တိုးလာစေဖို့ ဝိုင်းဝန်းဆောင်ရွက်ပါ။
- ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေး အလေးပေးပါ။

**ခန့်မှန်းခြေအားဖြင့် လူပေါင်း သန်း ၈၅၀သည် ကျောက်ကပ်ရောဂါဒဏ်ကို ခံစားနေကြရပြီး၊ ထိုပမာဏမှာ ကမ္ဘာ့လူဦးရေ၏ ၁၀% ကျော်ဖြစ်သည်။ ဆီးချိုရောဂါအဖြစ်များလာခြင်း နှင့် အသက်အရွယ်ကြီးမြင့်လာခြင်းများကြောင့် CKD ဖြစ်နှုန်းတိုးပွားလာမည် ဟု ခန့်မှန်းထားကြပါသည်။ နာတာရှည်ကျောက်ကပ်ရောဂါသည် ဆီးချိုရောဂါ နှင့် သွေးတိုးရောဂါကြောင့် အဖြစ်များပြီး သေဆုံးမှုမြင့်တက်နေပါသည်။**

## CKD ကုသမှုတွင် တိုးတက်ပြောင်းလဲလာသော အာဟာရအခန်းကဏ္ဍ

### လမ်းညွှန်အကြံပြုချက်အသစ်များ

အသားဓာတ်စားသုံးမှု ထိန်းညှိလျှော့ချခြင်းသည် afferent arteriole vasoconstriction ကို လျှော့ချစေနိုင်သည့် အကျိုးကျေးဇူးရှိပြီး glomerular hyperfiltration နှင့် intraglomerular pressure ကိုလျှော့ချပေးကာ နောက်ဆုံးတွင် CKD ဆိုးဝါးလာမှု နှင့် proteinuria တို့ကို သက်သာစေပါသည်။

Ketoanalogue များဖြင့် ဖြည့်စွက်ထားသော အသားဓာတ်လျှော့ချသည့်စားသောက်မှုပုံစံ (Low Protein Diet/LPD) သို့မဟုတ် အသားဓာတ် အလွန်လျှော့ချသည့် စားသောက်မှုပုံစံ (Very Low Protein Diet/VLPD) များသည် ကျောက်ကပ် ၏ လုပ်ငန်းဆောင်တာများကို ထိန်းညှိထားပေးနိုင်ပြီး ကျောက်ကပ်ပျက်စီးမှု အခြေအနေကို နှောင့်နှေးစေပါသည်။



Photo Source : The Internet



Photo Source : The Internet

## Low Protein Diet (တစ်နေ့တာ အသားဓာတ်လိုအပ်မှုအတိုင်း အသားဓာတ်လျှော့၍စားခြင်း)

တစ်နေ့တာ အသားဓာတ်လိုအပ်ချက်တွက်ချက်မှု 0.6-0.8 g/kg/day သည် ကျောက်ကပ် မဆေးရသေးသော CKD အဆင့် 3-5 အတွင်းရှိ လူနာများ နှင့် ဆီးမှ အသားဓာတ်စွန့်ထုတ်မှုများ သောလူနာများ (ဆီးချိုလူနာများ အပါအဝင်) လူနာအားလုံးအတွက် စံနှုန်းထားသင့်သော စားသောက်မှုပုံစံ ဖြစ်သင့်ပါသည်။

## Very Low Protein Diet (တစ်နေ့တာ အသားဓာတ်လိုအပ်မှုအတိုင်း အသားဓာတ်များ ပိုမိုလျှော့၍စားခြင်း)

အဆင့်မြင့် CKD (eGFR < 30ml/min/1.73m2) တွင် တစ်နေ့တာအသားဓာတ်လိုအပ်ချက် တွက်ချက်မှု 0.3-0.4 g/kg/day ကို အသုံးပြုပါက မရှိမဖြစ်လိုအပ်သော အမိုင်နိုအက်ဆစ်များဖြည့်စွက်ခြင်း သို့မဟုတ် ၎င်းတို့၏ Ketoanalogue များကို တွဲဖက်ညွှန်ကြားခြင်းဖြင့် လူတစ်ဦး တစ်နေ့တာလိုအပ်သော အသားဓာတ်ကို လုံလောက်စွာ ရရှိစေနိုင်ပါသည်။

**CKD လူနာများအတွက် "အကောင်းဆုံး" အာဟာရ တစ်ခုတည်းမရှိပါ။ လူနာတစ်ဦးစီသည် ၎င်းတို့၏ဆရာဝန် သို့မဟုတ် အာဟာရပညာရှင် နှင့် တိုင်ပင်ပြီး သင့်လျော်သော အာဟာရကုထုံးကို ရွေးချယ်သင့်ပါသည်။**

## CKD လူနာများအတွက်တစ်ဦးချင်း အာဟာရ လိုအပ်ချက်

CKD လူနာများတွင် တစ်ဦးချင်း အာဟာရ လိုအပ်ချက် မတူညီနိုင်ပါ။

- သင့်တော်သောလူနာ အား "မှန်ကန်သော အာဟာရကုထုံး" ပေးခြင်းဖြင့် dialysis စတင်မှုကို နှောင့်နှေးစေပါသည်။
- လူနာတစ်ဦးချင်းသည် လူမျိုး၊ ဇာတိဒေသ မတူညီသောကြောင့် အစားအသောက် အလေ့အထ နှင့် ယဉ်ကျေးမှုဆိုင်ရာအကြောင်းအရာများ ကွဲပြားနိုင်ပါသည်။



Photo Source : The Internet




Photo Source : The Internet

CKD လူနာများအတွက် "အကောင်းဆုံး" အာဟာရတစ်ခုတည်းမရှိပါ။ လူနာတစ်ဦးစီသည် ၎င်းတို့၏ဆရာဝန် သို့မဟုတ် အာဟာရပညာရှင် နှင့် တိုင်ပင်ပြီး သင့်လျော်သော အာဟာရကုထုံးကို ရွေးချယ်သင့်ပါသည်။

## CKD လူနာများတွင် အသုံးပြုသော Ketoanalogue အကြောင်း

### Ketoanalogue ၏ ဆေးဝါးဗေဒ

အစာအိမ်နှင့်အူလမ်းကြောင်းမှစုပ်ယူပြီးနောက် Ketoanalogue များသည် မရှိမဖြစ်လိုအပ်သော အမိုင်နိုအက်ဆစ်များ အဖြစ်သို့ ပြောင်းလဲသွားသည်။

အသားဓာတ်ကန့်သတ်စားသုံးခြင်း နည်းလမ်းနှင့် ပေါင်းစပ်သောအခါ Ketoanalogue များသည် အဆင့်မြင့် CKD လူနာများတွင် ကျောက်ကပ် နှင့် ဇီဝဖြစ်စဉ်ဆိုင်ရာ အကျိုးသက်ရောက်မှုများ ရှိသည်ကို မြင်တွေ့ရပါသည်။



အူလမ်းကြောင်းအတွင်း
ကောင်းကျိုးပြုသော ဘက်တီးရီးယားများ

Photo Source : The Internet

**အသားဓာတ် ကန့်သတ်စားသုံးခြင်းနည်းလမ်း နှင့် ပေါင်းစပ်သောအခါ Ketoanalogue များသည် အဆင့်မြင့် CKD လူနာများတွင် ကျောက်ကပ် နှင့် ဇီဝဖြစ်စဉ်ဆိုင်ရာ အကျိုးသက်ရောက်မှုများ ရှိသည်ကို မြင်တွေ့ရပါသည်။**




Photo Source : The Internet

### ကောင်းကျိုးများ

- Intraglomerular pressure ကိုလျော့ကျစေခြင်း
- သွေးတွင်းယူရီးယားဓာတ် လျော့နည်းစေခြင်း
- Metabolic acidosis အားသက်သာစေခြင်း
- ကယ်လ်စီယမ်/ဖော့စဖိတ် ဇီဝကမ္မဖြစ်စဉ်ကို တိုးတက်ကောင်းမွန်စေခြင်း
- ခန္ဓာကိုယ်အတွင်း အင်ဆူလင်ခံ၍အသုံးပြုမှုကို တိုးတက်စေခြင်း
- အူလမ်းကြောင်းအတွင်း ကောင်းကျိုးပြုသော ဘက်တီးရီးယားများကို ဟန်ချက်ညီစေခြင်း
- ဆီးအဆိပ်အတောက်များကို လျှော့ချပေးခြင်း




Photo Source : The Internet

## အသားဓာတ်လျှော့ချစားသုံးခြင်းနည်းလမ်း နှင့် Ketoanalogue တွဲဖက်သောက်သုံးခြင်း နည်းစနစ်

ဥပမာ- ကိုယ်အလေးချိန် ၇၀ ကီလိုဂရမ် CKD အဆင့် ၄ ရှိသည့်လူနာအတွက် တစ်နေ့တာ အသားဓာတ် လိုအပ်ချက် - ၂၁-၂၈ ဂရမ်

✅ **Nutrition Goals:**

- Protein: 0.4 g/kg/day × 70 kg = 28 g/day
- Calories: ~30–35 kcal/kg/day = 2,100 – •2,450 kcal/day
- Supplements: Ketoanalogue
- (taken with meals)

## နမူနာ VLPD တစ်ရက်တာစားသောက်မှုပုံစံ (အသားဓာတ်/ပရိုတိန်း ၂၈ ဂရမ်)

### မနက်စာ

- ဆန်ပြုတ် – တရုတ်ပန်းကန်လုံး ၁ လုံး နှမ်းဆီ လက်ဖက်ရည်ဇွန်း ၁ ဇွန်း၊ ဂျင်းလှီးထည့်ပါ။ ပရိုတိန်း: ၂ ဂရမ်

- ကြက်ဥပြုတ် ၁ လုံး (အကာသီးသန့်) ပရိုတိန်း: ၄ ဂရမ်

- သင်္ဘောသီး အတုံးသေးသေးတုံးပါ – တရုတ် ပန်းကန်လုံး ၁ ဝက် (ပိုတက်စီယမ်နည်းသောအသီးရွေးချယ်ပါ) ပရိုတိန်း: ၀ ဂရမ်

စုစုပေါင်း- ပရိုတင်း ~ ၆ ဂရမ်



Photo Source : The Internet

## နေ့လည်စာ

• ထမင်းဖြူ – တရုတ်ပန်းကန်လုံး ¾
ပရိုတိန်း: ၃ ဂရမ်

• တိုဟူးပဲပြားကြော် (၄၀ ဂရမ်) – ကြက်သွန်ဖြူ
၊ ကြက်သွန်နီထည့်၍ ဆီနည်းနည်းသုံးပြီး ကြော်ပါ။
• ပရိုတိန်း: ၄ ဂရမ်

• ပြုတ်ထားသော တရုတ်ဂေါ်ဖီထုပ် သို့မဟုတ်
• ဘူးသီး– တရုတ်ပန်းကန်လုံး တစ်ဝက်
• ဆိုဒီယမ်နည်းသော ပဲငံပြာရည် (အများဆုံး
• လက်ဖက်ရည်ဇွန်း ၁ ဇွန်း)
•ပရိုတိန်း: ၁ ဂရမ်

• ဟင်းချိုရည်
• ကြက်သွန်နီ၊ မုန်လာဥ၊ မုန်လာဥနီတို့ကို
• အသုံးပြုပါ။ ပရိုတိန်း: ၁ ဂရမ်

စုစုပေါင်း- ပရိုတင်း ~ ၉ ဂရမ်



Photo Source : The Internet



Photo Source : The Internet

## နေ့ခင်း အဆာပြေ

• အချိုလျှော့ထားသော ကိတ် ၁ ချပ်
ပရိုတိန်း: ၂ ဂရမ်
• ငှက်ပျောသီး ၁ ပိုင်း
ပရိုတိန်း: ၀.၅ ဂရမ်

စုစုပေါင်း- ပရိုတင်း ~ ၂.၅ ဂရမ်

## ညစာ

• ချာပါတီသေးသေး ၁ ချပ် (သို့မဟုတ်)
ထမင်းဖြူ– တရုတ်ပန်းကန်လုံး ¾
ပရိုတိန်း: ၃ ဂရမ်

• ဘူးသီးဟင်း တရုတ်ပန်းကန်လုံး ၁ ဝက်
– ခရမ်းချဉ်သီးမပါ၊ ဆီနည်းနည်းဖြင့်ချက်ပါ
ပရိုတင်း ၁ ဂရမ်

• ငါးပြုတ် ၁ အောင်စ(၃၀ ဂရမ်)
– အရသာပေ့ါပေ့ါပြုတ်ပါ
ပရိုတင်း ၇ ဂရမ်

စုစုပေါင်း- ပရိုတင်း ~ ၁၁ ဂရမ်

## ✅ နေ့စဉ် ပရိုတင်း အနစ်ချုပ်

အစားအသောက် အနီးစပ်ဆုံး ပရိုတင်း (ဆ)

မနက်စာ - ၆ ဂရမ်

နေ့လည်စာ - ၉ ဂရမ်

အဆာပြေ - ၂.၅ ဂရမ်

ညစာ - ၁၁ ဂရမ်

စုစုပေါင်း ~ ၂၈ ဂရမ်

## CKD အဆင့် (၄) အတွက် အာဟာရ အကြံပြုချက်များ

• ဆန်လုံးညို အစား ဆန်ဖြူကိုသုံးပါ
– ဖော့စဖရပ်/ပိုတက်စီယမ် နည်းပါးသည်။
• ဆားငံပြာရည် (ပဲငံပြာရည်၊ ငါးငံပြာရည်၊
• အချဉ်တည်ထားသော အစားအစာများ)
• ရှောင်ပါ။
• ပိုတက်စီယမ်နှင့် ဖော့စဖရပ်ဓာတ်များသော
• ပဲများကို ကန့်သတ်စားသုံးပါ။
• ဆား သို့မဟုတ် အချိုမှုန့် အစား နံနံပင်၊ ဂျင်း၊
• ကြက်သွန်ဖြူ၊ နနွင်းကဲ့သို့ ဟင်းသီးဟင်းရွက်
• များကို အသုံးပြုပါ။
• နို့နှင့် နို့ထွက်ပစ္စည်း သောက်သုံးခြင်းကို
ကန့်သတ်ပါ – ဖော့စဖိတ်ဓာတ်နည်းသောဆန်နို့
သို့မဟုတ် ဗာဒံနို့အနည်းငယ် သောက်သုံးနိုင်သည်။

## Ketoanalogue ဖြည့်စွက်အသုံးပြုခြင်း

For a 70 kg man with CKD Stage 4, the typical ketoanalogue dosage is based on body weight and is usually prescribed as:

✅ 0.1 g/kg body weight/day

✅ 1 tablet per 5 kg body weight

Ketoanalogue Dosage for 70 kg Man

- Dose: 1 tablet per 5 kg
- 70 kg ÷ 5 = 14 tablets/day
- Divided into 3 meals:
- 4–5 tablets per meal, taken with food

**Example Daily Schedule:**

| Meal | Tablets |
|---|---|
| Breakfast | 5 |
| Lunch | 4 |
| Dinner | 5 |
| Total | 14 |



Photo Source : The Internet

## အရေးကြီးသော လမ်းညွှန်ချက်များ

- ပရိုတင်းဓာတ်လျှော့ချထားသော စားသောက်မှုပုံစံ (protein 0.3-0.4 g/kg/day) ဖြင့် တွဲဖက်အသုံးပြုသင့်ပါသည်။
- သတ်မှတ်ထားသောပမာဏထက် မကျော်လွန်စေရပါ။ ကျောက်ကပ်၏ လုပ်ဆောင်ချက်၊
- ကယ်လ်စီယမ်နှင့် ဖော့စဖရပ်တို့ကို ပုံမှန်စောင့်ကြည့်နေရပါမည်။
- ဆေးဘက်ဆိုင်ရာ ကြီးကြပ်မှုအောက်တွင်သာ အသုံးပြုသင့်ပါသည်။

## အသားဓာတ်ကို ဘယ်ကရနိုင်သလဲ?

အသားဓာတ်ကြွယ်ဝသော အစားအစာများ ဖြစ်တဲ့ ကြက်သား၊ ငါး၊ အနီရောင်အသားများဖြစ်သော ဆိတ်သား၊အမဲသား စသဖြင့်၊ ဥအမျိုးမျိုး၊ နို့နှင့်နို့ထွက်ပစ္စည်းများ၊ ပဲအမျိုးမျိုး၊ အစေ့အဆန်များ၊ ပဲနို့ စသည်တို့ကနေ ရရှိပါတယ်။



Photo Source : The Internet

ကြက်ရင်ပုံသား - အလေးချိန် ၆ကျပ်သား (၁၀၀ ဂရမ်) တွင် အသားဓာတ် ၃၁ ဂရမ် ပါဝင်ပါသည်။



Photo Source : The Internet

ငါး/ပင်လယ်စာ - အလေးချိန် ၆ ကျပ်သား (၁၀၀ ဂရမ်) တွင် အသားဓာတ် ၂၀-၂၄ ဂရမ် ပါဝင်ပါသည်။



Photo Source : The Internet

ကြက်ဥတစ်လုံးတွင် အသားဓာတ် ၆ - ၇ ဂရမ် ပါဝင်ပါသည်။

### အပင်မှရသော အသားဓာတ်



Photo Source : The Internet

တို့ဖူး/ပဲပြား အလေးချိန် ၁၀ သားတွင် အသားဓာတ် ၁၉ -၂၀ ဂရမ် ပါဝင်ပါသည်။



Photo Source : The Internet

ပဲအမျိုးမျိုး (ပဲနီလေး/ကုလားပဲ/တောင်ကြီးပဲ/ စားတော်ပဲ/ ပဲကြီး စသဖြင့်) - ချက်ပြီးသားပဲ တရုတ်ပန်းကန်လုံး ၁လုံး တွင် အသားဓာတ် ၁၅ - ၁၈ ဂရမ် ပါဝင်သည်။



Photo Source : The Internet

အစေ့အဆန်အစုံ (သစ်ကြားသီး/ဗာဒံစေ့/ အယ်လ်မွန်စေ့ /ဖရုံစေ့/နှမ်းစေ့/နေကြာစေ့) - တရုတ်ပန်းကန်လုံး ၁ လုံး တွင် အသားဓာတ် ၂၆.၅ ဂရမ် ပါဝင်ပါသည်။



Photo Source : The Internet

အမဲသား - အလေးချိန် ၆ ကျပ်သား (၁၀၀ ဂရမ်) တွင် အသားဓာတ် ၂၂-၂၅ ဂရမ်ပါဝင်သည်။



Photo Source : The Internet

နို့ / ဒိန်ချဉ် ၁ခွက် (၂၅၀ စီစီ) တွင် အသားဓာတ် ၈-၉ ဂရမ် ပါဝင်ပါသည်။



Photo Source : The Internet

ပဲနို့ ၁ ခွက် (၂၅၀ စီစီ) တွင် အသားဓာတ် ၉-၁၁ ဂရမ် ပါဝင်ပါသည်။

## အဆီနည်းသော အသား/ငါး မှရသော အသားဓာတ်

အသားဓာတ်/ပရိုတိန်းကို ကန့်သတ် လျှော့ချစားသုံးခြင်း နည်းစနစ်ကို သေချာ လိုက်နာခြင်း နှင့် အတူ Ketoanalouge ကို နည်းစနစ်ကျကျ ကိုယ်အလေးချိန်နှင့် ရောဂါ အဆင့်ပေါ်မူတည်၍ ညွှန်ကြားအသုံးပြုခြင်းဖြင့် CKD ရောဂါကို နှောင့်နှေးစေနိုင်သည့် အချက်ကို သုတေသနများစွာတွင် ဖော်ပြထားပါသည်။



Photo Source : The Internet

**Ketoanalogue (KAs) ကို အလွန်ပရိုတင်းဓာတ်နည်းသော အစားအစာ (VLPD) နှင့် တွဲဖက်အသုံးပြုသောအခါတွင် dialysis မလုပ်ရသေးသော လူနာများတွင် သေဆုံးမှုနှုန်း လျှော့ချပေးနိုင်သည်ကို တွေ့ရပါသည်။**



Photo Source : The Internet

## ကျောက်ကပ်မဆေးရသေးသော အဆင့်မြင့် နာတာရှည် ကျောက်ကပ်ရောဂါတွင် Ketoanalogue ကိုအသုံးပြုခြင်း

Ketoanalogue (KAs) ကို အလွန် ပရိုတင်းဓာတ်နည်းသော အစားအစာ (VLPD) နှင့် တွဲဖက်အသုံးပြုသောအခါတွင် dialysis မလုပ်ရသေးသောလူနာများတွင် သေဆုံးမှုနှုန်း လျှော့ချပေးနိုင်သည်ကို တွေ့ရပါသည်။KAs ဖြည့်စွက်ခြင်းဖြင့် မရှိမဖြစ်လိုအပ်သော အမိုင်နိုအက်ဆစ်မျှတမှုကို ထိန်းသိမ်းထားစေပြီး၊ နိုက်ထရိုဂျင်အညစ်အကြေးများစုပုံခြင်းကို လျှော့ချပေးပြီးနောက်ဆုံးတွင် uremia ၏ ဇီဝဖြစ်စဉ်နောက်ဆက်တွဲများကို လျှော့ပါးသက်သာစေသည်။

## KA + VLPD တွဲဖက်ခြင်းသည် dialysis လုပ်ရမည့်ကာလကို နှောင့်နှေးစေရုံသာမက လူနာများကြားတွင် သေဆုံးမှု သိသိသာသာ လျော့ကျသွားကြောင်း သရုပ်ပြခဲ့သည်။




Photo Source : The Internet

မကြာသေးမီက အထောက်အထားများအရ KA-ဖြည့်စွက်ထားသော VLPD နည်းစနစ်ကို လိုက်နာကျင့်သုံးသည့် အဆင့် 4-5 CKD လူနာများ သည် ပရိုတိန်းနည်းသော အစားအစာ တစ်မျိုး တည်းစားသုံးခြင်း နှင့် နှိုင်းယှဉ်ပါက ရှင်သန်မှု ရလဒ်များ ပိုမိုကောင်းမွန်လာကြောင်း သက်သေပြနေသည်။ KA + VLPD တွဲဖက်ခြင်းသည် dialysis လုပ်ရမည့်ကာလကို နှောင့်နှေးစေရုံသာမက လူနာများကြားတွင် သေဆုံးမှု သိသိသာသာ လျော့ကျသွားကြောင်း သရုပ်ပြခဲ့သည်။

### ဆီးချိုကျောက်ကပ်ရောဂါနှင့် Ketoanalogue ကိုအသုံးပြုခြင်း

ဆီးချိုကျောက်ကပ်ရောဂါ (DKD) လူနာများတွင် ပရိုတင်းဓာတ်နည်းသော အစားအစာ (LPD) သို့မဟုတ် ပရိုတင်းဓာတ် အလွန်နည်းသောအစားအစာ (VLPD) နှင့် Ketoanalogue (KAs) များ တွဲဖက်ညွှန်ကြားမှုသည် ရောဂါတိုးတက်မှုနှေးကွေးစေပြီး ကျောက်ကပ်လုပ်ဆောင်မှုကို ထိန်းသိမ်းရာတွင် အလားအလာကောင်းများရှိသည်ကို ဖော်ပြထားပါသည်။



Photo Source : The Internet

ဆီးချိုဝေဒနာရှင်များသည် အထူးသဖြင့် အာဟာရချို့တဲ့မှုနှင့် ဇီဝဖြစ်စဉ် ဆိုင်ရာ နောက်ဆက်တွဲပြဿနာများကို ခံစားနေရကြပြီး KA များသည် နိုက်ထရိုဂျင်စွန့်ပစ်ပစ္စည်းများကို မတိုးပွားစေဘဲ မရှိမဖြစ်လိုအပ်သော အမိုင်နိုအက်ဆစ် ရှေ့ပြေးပစ္စည်းများကို ပံ့ပိုးပေးခြင်းဖြင့် အဆိုပါ အန္တရာယ်များကို လျော့ပါးသက်သာစေပါသည်။

လေ့လာမှုများအရ KA-ဖြည့်စွက် ပရိုတင်းကန့်သတ်ထားသော အစားအစာ များသည် ဇီဝဖြစ်စဉ်ထိန်းချုပ်မှု၊ ပရိုတင်းဓာတ်ကို လျှော့ချပေးပြီး ဆီးချိုကြောင့်ဖြစ်သော ကျောက်ကပ်ရောဂါတွင် နောက်ဆုံးအဆင့် ကျောက်ကပ်ရောဂါ (ESKD) ၏ စတင်ခြင်းကို နှောင့်နှေးစေနိုင်ကြောင်း အကြံပြုထားသည်။ လေ့လာချက်များအရ အထက်ပါ အစားအသောက်နည်းဗျူဟာများသည် ဆီးချိုသမားများအတွက် ဘေးကင်းပြီး ထိရောက်မှုများစွာရှိနိုင်ကြောင်း ပြသထားပါသည်။

KDIGO လမ်းညွှန်ချက် (2020) တွင် ဆီးချိုရောဂါကြောင့် ကျောက်ကပ်အားနည်းခြင်းဖြစ်သော အဆင့်မြင့် CKD တွင် KA ဖြည့်စွက်စာ အသုံးပြုခြင်းကို လူနာတစ်ဦးချင်းစီ၏ လိုအပ်ချက်အပေါ် မူတည်၍ အသုံးပြုရန် ညွှန်ကြားထားသည်ကို တွေ့ရပါသည်။ ဆီးချိုဝေဒနာရှင်များတွင် တွေ့ရလေ့ရှိသော အာဟာရချို့တဲ့ခြင်းနှင့် နှလုံးသွေးကြောဆိုင်ရာ ပြဿနာများကြောင့် တစ်ဦးချင်းစီ၏ ရောဂါအခြေအနေပေါ် မူတည်၍ လိုအပ်သော အာဟာရကုထုံးနှင့် KA ဖြည့်စွက်စာကို ချင့်ချိန်ညွှန်ကြားရန် လိုအပ်ပါသည်။

ကျောက်ကပ်ရောဂါဝေဒနာရှင်များအားလုံး ဘေးကင်းကျန်းမာကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

မေတ္တာဖြင့်
Dr ကြယ်စင်ယုမွန်
Clinical Nutritionist
M.B.,B.S, MSc. Nutrition & Dietetics
(Bedfordshire)
PG Course in Advanced Diabetes (Harvard)
Bahosi Hospital

ဤအစီအစဉ်ကို RENOFAM Tablet Alpha Ketoanalouge ကျောက်ကပ်အားဖြည့်ဆေးမှ ကျန်းမာရေးဗဟုသုတရရှိစေရန်ရည်ရွယ်၍ တင်ဆက်ပေးထားပါသည်။




Zifam Myanmar

www.zifammyanmar.com

Zifam Pinnacle (Myanmar)

မှတ်ချက်။ ။ Renofam ဆေးသည် ဆရာဝန်ညွှန်ကြားချက်ဖြင့်သာ သောက်သုံးရသောဆေးဖြစ်ပြီး မိမိသဘောဖြင့် သောက်သုံးခြင်းမပြုရပါ။

# Urisol အမေးများသောမေးခွန်းများ

## ဘယ်အရွယ်ကစပြီးသောက်လို့ရလဲ။ ကလေးတွေကောတိုက်လို့ရလား။

အသက်(၃)နှစ်အရွယ်မှစသောက်သုံးနိုင်ပါတယ်။ (၃) နှစ်မှ (၁၂)နှစ် အရွယ်ကလေးတွေမှာ Urisol ကို တနေ့လျှင် အထုပ်တဝက်မှ တစ်ထုတ်ထိ တိုက်နိုင်ပါတယ်။

## ဘယ်လိုသောက်ရတာလဲ။ ထမင်းမစားခင်လား၊ စားပြီးလား။ ဘယ်အချိန်သောက်သင့်ပါသလဲ။

Urisol တစ်ထုပ်ကို ရေ ၂၀၀ စီစီ ၁ ဖန်ခွက်နဲ့ ဖျော် ပြီး သောက်ရပါမယ်။ အစာ ရှိရှိ မရှိရှိ သောက်သုံးနိုင်ပါတယ်။

## တစ်နေ့အများဆုံးဘယ်နှစ်ထုပ်သောက်လို့ရပါသလဲ။

Urisol ကို တစ်နေ့အများဆုံး (၄)ထုပ်အထိ သောက်နိုင်ပါတယ်။

## ဆီးပူဆီးကျင်တာသောက်လို့ရပါသလား။

Urisol ဟာ ဆီးလမ်းကြောင်း သန့်စင်ဆေးရည်ဖြစ်တဲ့အတွက် ဆီးပူ ဆီးကျင်တာတွေအတွက် သင့်တော်ပါတယ်။ Urisol တစ်ထုပ်ကို ရေ ၂၀၀ စီစီ ၁ ဖန်ခွက်နဲ့ ဖျော် ပြီး သောက်ရပါမယ်။ အစာ ရှိရှိ မရှိရှိ သောက်သုံးနိုင်ပါတယ်။

## ဆီးအနံ့မကောင်းဘူး။ သောက်လို့ရပါသလား။

Urisol ဟာ ဆီးလမ်းကြောင်း သန့်စင်ဆေးရည်ဖြစ်တဲ့အတွက် ဆီးအနံ့မကောင်းတဲ့သူတွေမှလည်း သင့်တော်ပါတယ်။ Urisol တစ်ထုပ်ကို ရေ ၂၀၀ စီစီ ၁ ဖန်ခွက်နဲ့ ဖျော် ပြီး သောက်ရပါမယ်။ အစာ ရှိရှိ မရှိရှိ သောက်သုံးနိုင်ပါတယ်။

## ဆီးကျောက်တည်တဲ့သူတွေသောက်လို့ရပါသလား။

Urisol ဟာ ဆီးလမ်းကြောင်း သန့်စင်ဆေးရည်ဖြစ်တဲ့အတွက် ဆီးကျောက်တည်သူတွေနဲ့ သင့်တော်ပါတယ်။ Urisol တစ်ထုပ်ကို ရေ ၂၀၀ စီစီ ၁ ဖန်ခွက်နဲ့ ဖျော် ပြီး သောက်ရပါမယ်။ အစာရှိရှိ မရှိရှိ သောက်သုံးနိုင်ပါတယ်။

Urisol

"သန့်ရှင်းကျန်းမာဆီးလမ်းကြောင်းမှာ Urisol သာအားထားရာ"




Made in Australia

# Urisol အမေးများသောမေးခွန်းများ

## ကျောက်ကပ်ရောဂါရှိသူတွေသောက်လို့ရပါသလား။

Urisol ဟာ ဆီးလမ်းကြောင်း သန့်စင်ဆေးရည်ဖြစ်တဲ့အတွက် ကျောက်ကပ်ရောဂါရှိသူတွေအတွက် သင့်တော်ပါတယ်။ Urisol တစ်ထုပ်ကို ရေ ၂၀၀ စီစီ ၁ ဖန်ခွက်နဲ့ ဖျော် ပြီး သောက်ရပါမယ်။ အစာ ရှိရှိ မရှိရှိ သောက်သုံးနိုင်ပါတယ်။ ဒါပေမယ့် ကျောက်ကပ်ဆေးနေရသောသူများ၊ ကျောက်ကပ် အဆိပ်တက်သူများ၊ နာတာရှည်ကျောက်ကပ် အားနည်းသူများ မှာတော့ ဆရာဝန်နှင့် တိုင်ပင်ပြီးမှ သောက်သုံးသင့်ပါတယ်။

## ဘယ်လိုအခြေအနေမျိုးဆို ဆေးကိုဆက်မသောက်သင့်ဘူးလဲ။

Cranberry (ခရင်ဘယ်ရီသီး) ဆေးဝါးများနှင့် ဓါတ်မတည့်သူများ မသောက်ရပါ။
ဓါတ်မတည့်တဲ့ လက္ခဏာတွေ (မျက်နာတွေရဲလာတာ၊ ယားလာတာ၊ နှုတ်ခမ်းတွေထူလာတာ) တွေ့ရှိရင်တော့ ဆက်မသောက်သင့်ပါဘူး။

## တစ်နေ့ဘယ်နစ်ကြိမ်သောက်သင့်ပါသလဲ။

Urisol ကို ဆီးပူ၊ ဆီးကျင်၊ ဆီးအနံ့နံခြင်း နှင့် ဆီးလမ်းကြောင်း ပိုးဝင်နေသူတွေမှာတော့ တစ်နေ့ကို (၁)ထုပ် (၂)ကြိမ်မှ (၃)ကြိမ် သောက်သုံးသင့်ပါတယ်။ ပုံမှန်ကျန်းမာသူတွေမှာတော့ ဆီးလမ်းကြောင်း ကျန်းမာစေဖို့ တစ်နေ့ (၁)ထုပ် ပုံမှန် သောက်သုံးနိုင်ပါတယ်။

## ဓာတ်မတည့်တဲ့သူတွေရှိလား။ ဘယ်လိုဆိုးကျိုးတွေဖြစ်စေနိုင်လဲ။

Cranberry (ခရင်ဘယ်ရီသီး) ဆေးဝါးများနှင့် ဓါတ်မတည့်သူများ မသောက်ရပါ။
ဓါတ်မတည့်တဲ့ လက္ခဏာတွေ (မျက်နာတွေရဲလာတာ၊ ယားလာတာ၊ နှုတ်ခမ်းတွေထူလာတာ) တွေ့ရှိရင်တော့ ဆက်မသောက်သင့်ပါဘူး။

## သက်ကြီးရွယ်အိုများနဲ့ နာတာရှည်ရောဂါရှိသူတွေသောက်လို့ရပါသလား။

Urisol ကို သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါရှိသူများမှာ ဆီးလမ်းကြောင်း ကျန်းမာရေးအတွက် သောက်သုံးနိုင်ပါတယ်။ Urisol တစ်ထုပ်ကို ရေ ၂၀၀ စီစီ ၁ ဖန်ခွက်နဲ့ ဖျော် ပြီး သောက်ရပါမယ်။ အစာ ရှိရှိ မရှိရှိ သောက်သုံးနိုင်ပါတယ်။

## နှလုံးရောဂါ၊ ဆီးချိုရှိတဲ့သူတွေသောက်လို့ရလား။

Urisol ကို နှလုံးရောဂါနှင့် ဆီးချိုရောဂါရှိသူများမှာ ဆီးလမ်းကြောင်း ကျန်းမာရေးအတွက် သောက်သုံးနိုင်ပါတယ်။ Urisol ဟာ ဆီးချိုဝေဒနာရှင်တွေမှာ တွေ့ရလေ့ရှိတဲ့ ဆီးလမ်းကြောင်း ပိုးဝင်ခြင်းကိုလည်း ကာကွယ်ပေးနိုင်ပါတယ်။ Urisol တစ်ထုပ်ကို ရေ ၂၀၀ စီစီ ၁ ဖန်ခွက်နဲ့ ဖျော် ပြီး သောက်ရပါမယ်။ အစာ ရှိရှိ မရှိရှိ သောက်သုံးနိုင်ပါတယ်။


Urisol

"သန့်ရှင်းကျန်းမာ ဆီးလမ်းကြောင်းမှာ Urisol သာအားထားရာ"




Made in Australia

# Urisol အမေးများသောမေးခွန်းများ

## တစ်ခြားဆေးများနဲ့တွဲသောက်လို့ရလား။ အတူတွဲမသောက်သင့်တဲ့ဆေးရှိပါသလား။

ပုံမှန်အားဖြင့် တွဲမသောက်သင့်တဲ့ ဆေးတော့ မရှိပါဘူး။ ဒါပေမဲ့ မိမိမှာ တခြားဆေးတွေ သောက်နေရတယ်ဆိုရင်တော့ ဆရာဝန်နဲ့ တိုင်ပင်ပြီးမှ သောက်တာ ပိုကောင်းပါတယ်။

## ကိုယ်ဝန်ဆောင်နဲ့ နို့တိုက်မိခင်သောက်လို့ရလား။

Urisol ကို ကိုယ်ဝန်ဆောင်နဲ့ နို့တိုက်မိခင်တွေမှာတော့ ဆရာဝန်နှင့်တိုင်ပင်ပြီးမှ သောက်သင့်ပါတယ်။

## ဆီးပိုးခဏခဏဝင်တတ်လို့နေ့စဉ်သောက်လို့ရလား။ ရေရှည်စွဲသောက်ရင်ဘေးထွက်ဆိုးကျိုးရှိနိုင်လား။

Urisol ကို ဆီးလမ်းကြောင်း ပိုးခဏခဏ ဝင်တတ်သူတွေမှာတော့ တစ်နေ့ကို (၂)ထုပ် (၃)ထုပ် အထိ သောက်သုံးသင့်ပါတယ်။ ဘေးထွက်ဆိုးကျိုး မရှိတဲ့အတွက် ရေရှည်စွဲသောက်နိုင်ပါတယ်။

Urisol




Made in Australia

"သန့်ရှင်းကျန်းမာ ဆီးလမ်းကြောင်းမှာ Urisol သာအားထားရာ"

**Zifam Pyrex Myanmar Products**

Flucloxacillin 250 mg + Amoxicillin 250 mg

**FLUMOX** Injection Capsule

Penicillinase Resistant Penicillin + Broad Spectrum Penicillin




**SULTAB**

Sultamicillin 375 mg Tablets

**SULJAC**

Ampicillin and Sulbactam Injection




**Zifam Tazolin**
**4.5 g**

**Piperacillin 4g + Tazobactam 0.5g**




**Zifam PTZ 4.5 g**

Piperacillin 4 g + Tazobactam 0.5 g



## Zifam Pyrex Myanmar Products

# ZISUVA

Amoxicillin + Potassium Clavulanate



# Moxytro

Amoxicillin DT & DS 125/250




# Flucloxa

CAPSULE 250/500 mg | INJECTION 500/1000 mg



# Office Addresses and Phone Numbers

## ► Yangon

95/B, 95 Residence, Kyaik Waing Pagoda Road, 8 Mile,
Mayangone Township, Yangon

09-261772689 / 01-9669344 / 01-9669345 / 01-9669346 / 01-9669347 / 01-9669348

## ► Mandalay

Block (1), Unit (1,2), Water Street, Mingalar Mandalay Compound,
73 Street, Bet: Thazin Road & Ngu Shwe War Road,
Myo Thit (1) Quarter, Chan Mya Tharsi Township, Mandalay

02-2000001 / 02-2000002 / 01-1201642

## ► Taunggyi

GV - 9, Galaxy Garden Residence, No. 82, Kanbawza Lane (2),
Forest Quarter, Taunggyi

09-262091913

## ► Magway

No (248/249), 15 Street, Kan Thar (D) Group, Kan Thar Quarter,
Magway, Myanmar

09-453312668 / 06-32028877

https://www.zifammyanmar.com/

zifampinnaclemyanmar

Zifam Pinnacle Myanmar

Zifam Pinnacle (Myanmar)

Zifam Myanmar

zifampinnaclemyanmar